လီထင်းကလည်း မျက်နှာလိုမျက်နှာရ ပြေးသွားလိုက်လေသည်။

သို့သော်....

'ဖယ်ကြစမ်း'

သွေးမြေခွေးက အော်ငေါက်လိုက်လေသည်။

သူ့အား ဖေ့မသာသည်ကို လက်ခံပါချေ။

'ကျုပ်က ဂရုစိုက်ရမှာလား'

ဟု ပြောလိုက်လေသည်။

ထိုစဉ်...

'ခင်ဗျား တော်တော်ဒေါသကြီးတာပဲ'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

သွေးမြေခွေးတို့ လှမ်းကြည့်လိုက်သောအခါ ကျောက်ဂူထဲမှ လှမ်းထွက်လာသည့် ရှောင်ကောင်းအား တွေ့လိုက်ရလေသည်။

သွေးမြေခွေးက...

'နောက်ဆုတ်လိုက်စမ်း'

ကြုံလင်းတို့အား နောက်ဆုတ်ခိုင်းလိုက်လေသည်။



ကြုံလင်းနှင့် လီထင်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

သွေးမြေခွေးက ရှေ့သို့လှမ်းထွက်လာသောရှောင်ကောင်းနှင့် ရင်ဆိုင်လိုက်လေသည်။

ရှောင်ကောင်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။

သွေးမြေခွေးအား စိုက်ကြည့်လိုက်ပြီး...

'ခင်ဗျားက ရေထဲကျသွားပေမယ့် မသေတဲ့ အသက်ရှင်လိမ့်မယ်၊ တစ်ချိန်မှာ သိုင်းလောကထဲကို ဆင်းလာပြီး ဒုက္ခပေးလိမ့်မယ်ဆိုတာ ကျုပ်နဲ့ ကျင်းရှောင်တို့ ရိပ်မိခဲ့ကြတယ်၊ ဒါကြောင့် ကျုပ်တို့ဟာ သိုင်းပညာလေ့ကျင့်ရင်း ခင်ဗျား ရောက်လာမယ့်အချိန်ကို စောင့်မျှော်နေခဲ့ကြတာပဲ'

ဟု ပြောလေသည်။

သွေးမြေခွေးက...

'ဩော်... ဩော်၊ ဒါဆိုရင် မင်းရဲ့သိုင်းပညာ အတော်ကို တိုးတက်လာပြီပေါ့ ဟုတ်လား၊ ကောင်းပြီ၊ မင်းဘယ်လောက် စွမ်းသလဲကြည့်ကြသေးတာပေါ့'

စကားဆုံးလျှင် ရှောင်ကောင်းထံသို့ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ရှောင်ကောင်းကလည်းပြန်လည်တိုက်ခိုက်လိုက်လေသည်။

